# မယ်သရေ၁ထာ
## တိုင်းရင်းသားလူမျိုးများ နီးနှော၁ဖလှယ်ပွဲ

ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးများဖြစ်ကြသော ရခိုင်တိုင်းရင်းသား၊ ချင်းတိုင်းရင်းသား၊ ကချင်တိုင်းရင်းသား၊ ကရင်တိုင်းရင်းသား၊ ကရင်နီတိုင်းရင်းသား၊ ကယန်းတိုင်းရင်းသား၊ မွန်တိုင်းရင်းသား၊ ပအိုဝ်းတိုင်းရင်းသား၊ ပလောင်တိုင်းရင်းသား၊ လားဟူတိုင်းရင်းသား၊ ရှမ်းတိုင်းရင်းသားနှင့် "ဝ"တိုင်းရင်းသားခေါင်းဆောင်များသည် အဖွဲ့အစည်းနှင့် လူမျိုးအသီးသီးကို ကိုယ်စားပြုကြလျက် ကော်သူးလေပြည်နယ်၊ မယ်သရေ၁ထာ၌ ၁၉၉၇ ခုနှစ် ဇန်နဝါရီလ (၇)ရက်နေ့မှ (၁၄) ရက်နေ့အထိ ကျင်းပသော နီးနှော၁ဖလှယ်ပွဲကြီးတွင် စုံညီစွာ တက်ရောက်ခဲ့ကြသည်။ အထက်ဖော်ပြခဲ့သော ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးခေါင်းဆောင် ကိုယ်စားလှယ်များသည် နီးနှော၁ဖလှယ်ပွဲကြီး၌ ရင်းနှီးပွင့်လင်းစွာ အကြေအလည် ဆွေးနွေးညှိနှိုင်းတိုင်ပင်ကြပြီးနောက် အောက်ပါအချက်များကို တညီတညွတ်တည်း သဘောတူချမှတ်ခဲ့ကြသည်။

### ၁။ နိုင်ငံရေးရည်မှန်းချက်ဆိုင်ရာ သဘောတူညီချက်

(က) စစ်အာဏာရှင်စနစ်ဖျက်သိမ်းပြီး၊ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရန်၊
(ခ) ဒီမိုကရေစီနိုင်ငံရေးစနစ် ကျင့်သုံးရန်၊
(ဂ) လူမျိုးတိုင်းတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးရရှိရန်၊
(ဃ) ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရန် တို့ဖြစ်သည်။

### ၂။ နဝတအမျိုးသားညီလာခံနှင့်ပတ်သက်သော သဘောတူညီချက်

လက်ရှိ နဝတ ဦးစီးကျင်းပနေဆဲဖြစ်သော အတုအယောင်အမျိုးသားညီလာခံသည် စစ်အာဏာရှင်စနစ်ဆက်လက်တည်မြဲရေးအတွက်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးများအတွက် အခွင့်အရေး လုံးဝရနိုင်မည်မဟုတ်သည့်အတွက်၎င်း၊ နဝတအမျိုးသားညီလာခံကို ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးများ နီးနှော၁ဖလှယ်ပွဲကြီးက "လုံးဝ"အသိအမှတ်မပြုကြောင်းနှင့် ၎င်းညီလာခံကို ဆန့်ကျင်တိုက်ပွဲဝင်သွားကြရန်သဘောတူကြသည်။

### ၃။ သုံးပွင့်ဆိုင်ဆွေးနွေးပွဲနှင့်ပတ်သက်သော သဘောတူညီချက်

ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဆုံးဖြတ်ထောက်ခံထားသည်သာမက ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်း သဘောတူထားသော သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲကို ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးများ နီးနှော၁ဖလှယ်ပွဲကြီးက သဘောတူလက်ခံသည်။ ထိုသုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် မဒတ၏ (UNLD) (NDF) နှင့် အခြားတိုင်းရင်းသားလူမျိုးများပါဝင်သော အင်အားစု၊ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ဒီမိုကရေစီအင်အားစုနှင့် နဝတစစ်အုပ်စု အင်အားစု၊ သုံးစုတို့ပါဝင်စေရမည်။

### ၄။ ဖက်ဒရယ်ပြည်ထောင်စုနှင့်ပတ်သက်သော သဘောတူညီချက်

အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး အပြည့်အဝရှိပြီး အမျိုးသားပြည်နယ်များ စုပေါင်းပါဝင်ဖွဲ့စည်းထားသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးများ နီးနှော၁ဖလှယ်ပွဲကြီးက တညီတညွတ်တည်း သဘောတူကြပါသည်။

### ၅။ စီးပွားရေးမူဝါဒနှင့် ပတ်သက်သော သဘောတူညီချက်

စီးပွားရေးမူဝါဒနှင့်ပတ်သက်၍ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်သွားရန် ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးများ နီးနှော၁ဖလှယ်ပွဲကြီးက သဘောတူသည်။
သို့သော် နဝတ အုပ်ချုပ်နေစဉ်ကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နေခြင်းသည် စစ်အာဏာရှင်စနစ်နှင့် စစ်အုပ်စု၏ အကျိုးစီးပွားကိုသာ ဖြစ်စေပြီး တိုင်းရင်းသားလူမျိုးစုပြည်သူများအဖို့ အကျိုးလုံးဝမရှိသည့်အပြင် ဖိနှိပ်ချုပ်ချယ်မှုဒဏ်ကို ပိုမိုခံစားလာရသည့်အတွက် နဝတစစ်အုပ်စုနှင့် ပူးတွဲလုပ်ဆောင်သော

ရင်းနှီးမြုပ်နှံမှုအပါအဝင် စီးပွားရေးလုပ်ငန်းအားလုံးကို ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲကြီးက အပြင်းအထန် ကန့်ကွက်သည်။

**၆။ မူးယစ်ဆေးဝါးနှင့်ပတ်သက်သော သဘောတူညီချက်**

မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်ရောင်းချမှုအပါအဝင် လုပ်ငန်းအားလုံး ဆန့်ကျင်တိုက်ဖျက်ရန် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲကြီးက တညီတညွတ်တည်း သဘောတူသည်။

၇။ ဒီမိုကရေစီအင်အားစုများနှင့် ပတ်သက်သော သဘောတူညီချက်

နဝတစစ်အုပ်စုပြုတ်ကျရေးနှင့် အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက် နိုင်ငံရေးတိုက်ပွဲ၊ သံတမန်တိုက်ပွဲ၊ လူထုတိုက်ပွဲအပါအဝင် ဘက်ပေါင်းစုံ တိုးမြှင့်တိုက်ပွဲဝင်သွားရန် ကျွန်ုပ်တို့ တိုင်းရင်းသားနီးနှောဖလှယ်ပွဲကြီးက သဘောတူသည်။ ထိုသို့တိုက်ပွဲဝင်ရာတွင် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ဒီမိုကရေအင်အားစုများနှင့် တန်းတူရည်တူလက်တွဲ၍ အမျိုးသားအခွင့်အရေးအတွက်လည်းကောင်း၊ ဒီမိုကရေစီအခွင့်အရေးအတွက်လည်းကောင်း၊ တပြိုင်နက်တည်း စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်သွားကြရန်ကိုလည်း ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲကြီးက တညီတညွတ်တည်း သဘောတူကြသည်။

**၈။ ASEAN နှင့်ပတ်သက်သော သဘောတူညီချက်**

နဝတအုပ်ချုပ်နေသောကာလအတွင်း မြန်မာပြည်အား ASEAN အဖွဲ့ဝင်အဖြစ် လက်ခံခြင်းကို အတတ်နိုင်ဆုံးဆိုင်းငံ့ထားပေးပါရန် ASEAN သို့ ပန်ကြားလွှာပေးပို့သွားရန် တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲကြီးက သဘောတူသည်။

**၉။ တပ်ပေါင်းစုနှင့်ပတ်သက်သော သဘောတူညီချက်**

တိုင်းရင်းသားလူမျိုးများ၏ ပြည်လုံးဆိုင်ရာ တပ်ဦးအဖွဲ့အစည်းဖြစ်သော အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစုနိုင်ငံရေး၊စစ်ရေး၊ စည်းရုံးရေး စသည်တို့ကို ပိုမိုခိုင်မာလာအောင် ဝိုင်းဝန်းပံ့ပိုးတည်ဆောက်ကြရန် ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲကြီးက တညီတညွတ်တည်း သဘောတူကြသည်။

**၁၀။ ပြန်လည်ဆုံစည်းကြရန် သဘောတူညီချက်**

မယ်သရောထာ နီးနှောဖလှယ်ပွဲကြီး၏ ရလာဒ်များကို ဆက်လက်ထိန်းသိမ်း အကောင်အထည်ဖော်သွားရန်နှင့် အနည်းဆုံးတစ်နှစ်လျှင် တစ်ကြိမ်၊ စုံစုံညီညီဆုံစည်းကြရန် ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲကြီးက တညီတညွတ်တည်း သဘောတူကြသည်။

အတည်ပြုလက်မှတ်များ

၁။ ဗိုလ်ချုပ်အောင်သန်းလေး
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)

၂။ ဗိုလ်မှူးကြီးခွန်ဥက္ကာ
ပအိုဝ်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (PPLO)

၃။ ဗိုလ်မှူးကြီးမဟာဆန်း
“ဝ”အမျိုးသားအဖွဲ့ချုပ် (WNO)

၄။ ဗိုလ်မှူးကြီးစိုင်းပေါင်း
“ဝ”ပြည်နယ်သွေးစည်းညီညွတ်ရေးပါတီ (UWSP)

၅။ မိုင်အိုက်ဖုန်း
ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF)

၆။ ဗိုလ်မှူးကြီးဇော်ဆိုင်း
ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO)

၇။ ခိုင်မြတ်ကျော်
ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး (AASYC)
၈။ ဘီကြာအူး
လားဟူဒီမိုကရက်တစ်တပ်ဦး (LDF)
၉။ နိုင်ဟံသာ
မွန်ပြည်သစ်ပါတီ (NMSP)
၁၀။ ခိုင်စိုးနိုင်အောင်
ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)
၁၁။ ခွန်နားရှ
ကယန်းပြည်သစ်ပါတီ (KNLP)
၁၂။ စဝ်အွတ်ကေးဆီ
ညီညွတ်သောရှမ်းပြည်တော်လှန်ရေးတပ်မတော် (SURA)
၁၃။ ဆလိုင်းရွှေခါး
ချင်းအမျိုးသားတပ်ဦး (CNF)
၁၄။ ခွန်ဟုမ်
ရှမ်းအမျိုးသားဒီမိုကရက်တစ်အစည်းအရုံး (SDU)
၁၅။ ဗိုလ်ချုပ်ကြီးစောဘိုမြ
ကရင်အမျိုးသားအစည်းအရုံး (KNU)
၁၆။ တဦးချင်းကိုယ်စားလှယ်များ
(၁) စဝ်ဇန်ယောင်ဝေ (၂) နော်လီဇာဘင်ဆင် (၃) ခွန်းမာရ်ကိုဘန်း